
ROALD DAHL

mgyoe.com
SAMPLE BOOK

# Charlie and the Chocolate Factory



## ချာလီနှင့် ထူးဆန်းသောချောကလက်စက်ရုံကြီး

mgyoe.com

မောင်ဒေး မြန်မာပြန်ဆိုသည်

mgyoe.com SAMPLE BOOK



9 248050 632890

တတိယအကြိမ်

mgyoe.com

*Illustrated by Quentin Blake*

*Cover Design: Maung Day*

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ကာလများ
စာအုပ်အစီအစဉ် ၅၈၂

# ချာလီနှင့် ချောကလက်စက်ရုံကြီး

မောင်ဖေး



# Charlie And the Chocolate Factory

Roald Dahl

Illustrated by Quentin Blake

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၈၂၅၅၉၄၈၊ ၀၉ ၇၄၀ ၉၇ ၉၃၉၃၊ ၀၉ ၇၃၀ ၂၇၆၆၉။

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

ချာလီနှင့် ချောကလက်စက်ရုံကြီး

မောင်အေး

ပထမအကြိမ်၊ ဒီဇင်ဘာ၊ ၂၀၀၆၊ မုံရွေးစာပေ

ဒုတိယအကြိမ်၊ ဇန်နဝါရီ၊ ၂၀၁၆၊ နှစ်ကာလများစာပေ။

တတိယအကြိမ်၊ စက်တင်ဘာ၊ ၂၀၂၅၊ နှစ်ကာလများစာပေ။

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၂၀၀၀ ကျပ်

**ထုတ်ဝေသူ** – ဦးစိန်ဝင်း၊ နှစ်ကာလများစာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ်(က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** – ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက် (၀၀၂၉၀)၊ အမှတ် ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံး** – မောင်အေး၊ **ကွန်ပျူတာစာစီ** – သရဖီ၊ **စာအုပ်ချုပ်** – ကိုမြင့်။

mgyoe.com

mgyoe.com SAMPLE BOOK

## rmwvum


အခန်း ၁ ချာလီ ၇

အခန်း ၂ မစ္စတာ ဝီလီဝန်ကာရဲ့ ချောကလက်စက်ရုံ ၁၄

အခန်း ၃ မစ္စတာ ဝီလီဝန်ကာနဲ့ အိန္ဒိယ မင်းသားလေး ၂၁

အခန်း ၄ လျှို့ဝှက်သော အလုပ်သမားများ ၂၅

အခန်း ၅ ရွှေရောင် ကံစမ်းမဲလက်မှတ်များ ၃၁

အခန်း ၆ ရွှေရောင် ကံစမ်းမဲကို အစောဆုံးရသူ နှစ်ယောက် ၃၄

အခန်း ၇ ချာလီရဲ့ မွေးနေ့ ၄၁

အခန်း ၈ နောက်ထပ် ကံစမ်းမဲ နှစ်ခု ထွက်ပေါ်လာခြင်း ၄၅

အခန်း ၉ ဘိုးဘိုးဂျိုးရဲ့ အလောင်းအစား ၅၂

အခန်း ၁၀ ချာလီတို့မိသားစု အငတ်ဘေး ဆိုက်ပြီ ၅၆

အခန်း ၁၁ အံ့ဖွယ်ဖြစ်ရပ် ၆၃

အခန်း ၁၂ ရွှေရောင် ကံစမ်းမဲပေါ်မှာ ရေးထားတဲ့စာ ၆၉

အခန်း ၁၃ နေ့ထူးနေ့မြတ်ကို ရောက်ပြီ ၇၇

အခန်း ၁၄ မစ္စတာ ဝီလီဝန်ကာ လာပြီ ၈၁

အခန်း ၁၅ ချောကလက် အခန်း ၈၈


mgyoe.com

mgyoe.com SAMPLE BOOK


| | | |
|---|---|---|
| အခန်း ၁၆ | အွမ်ပါလွမ်ပါ လူပုကလေးများ | ၉၅ |
| အခန်း ၁၇ | ဖန်ပိုက်လုံးထဲ ပါသွားတဲ့ ဩဂတ်စတပ်စ် | ၁၀၀ |
| အခန်း ၁၈ | ချောကလက် မြစ်ထဲမှာ | ၁၁၀ |
| အခန်း ၁၉ | စမ်းသပ် တီထွင်ခန်း | ၁၁၈ |
| အခန်း ၂၀ | ဇရာမ ပီကေစက်ကြီး | ၁၂၃ |
| အခန်း ၂၁ | ဝွတ်ဘိုင် မိုင်အိုလက် | ၁၂၆ |
| အခန်း ၂၂ | လမ်းတစ်လျှောက်မှာ | ၁၃၅ |
| အခန်း ၂၃ | အဝိုင်းပုံ လေးထောင့် သကြားလုံးများ | ၁၄၁ |
| အခန်း ၂၄ | ဗရူကာဆော့ထ်နဲ့ သစ်ကြားသီး | ၁၄၅ |
| အခန်း ၂၅ | ကြီးမားသော မှန်လုံ ဓာတ်လှေကားကြီး | ၁၅၅ |
| အခန်း ၂၆ | တယ်လီဗီးရှင်း ချောကလက်အခန်း | ၁၆၂ |
| အခန်း ၂၇ | မိုက်ခ်တီဗီကို တယ်လီဗီးရှင်းထဲ ပို့ခြင်း | ၁၆၉ |
| အခန်း ၂၈ | ချာလီ တစ်ယောက်သာ | ၁၇၉ |
| အခန်း ၂၉ | အိမ်ပြန်သွားရတဲ့ ကလေးတွေ | ၁၈၅ |
| အခန်း ၃၀ | ချာလီရဲ့ ချောကလက်စက်ရုံ | ၁၈၉ |


mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ၁
## ချာလီ



ချာလီဆိုတာ ဟောဒီ ကောင်လေးပေါ့။ သူက အခု ဇာတ်လမ်းရဲ့ ဇာတ်လိုက်ကျော်ကလေးပေါ့။

mgyoe.com

mgyoe.com
SAMPLE BOOK




သူတို့ကတော့ ချာလီရဲ့ ဖေဖေ မစ္စတာဘက်ကတ်နဲ့ မေမေ မစ္စက် ဘက်ကတ်တို့ပါပဲ။ သူတို့က သူတို့သားလေး ချာလီကို သိပ်ချစ်ကြတာ။



ဒီ ဘိုးဘိုးကြီးနဲ့ ဘွားဘွားကြီးတို့ကတော့ ဘိုးဘိုးဂျိုးနဲ့ ဘွားဘွား ဂျိုးဆက်ဖင်းတို့ ဖြစ်ပါတယ်။ သူတို့ဟာ ချာလီရဲ့ဖေဖေ မစ္စတာဘက်ကတ် ရဲ့ အဖေနဲ့ အမေပေါ့။ ချာလီလေးရဲ့ ဘိုးဘိုးနဲ့ ဘွားဘွားပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK



သူတို့ နှစ်ယောက်ကလည်း ချာလီရဲ့ ဘိုးအေ၊ ဘွားအေကြီးတွေ ပါပဲလေ။ သူတို့က ချာလီ့မေမေ မစ္စက်ဘက်ကတ်ရဲ့ အဖေနဲ့ အမေပေါ့။ သူတို့ရဲ့နာမည်တွေကတော့ ဘိုးဘိုးဂျော့ဂ်ျနဲ့ ဘွားဘွားဂျော့ဂ်ျီနာ ဟူသတဲ့။

ချာလီတို့ မိသားစုဟာ အလွန် ကြီးကျယ်ခမ်းနားတဲ့ မြို့ကြီးတစ်မြို့ရဲ့ အစွန်အဖျားမှာ တဲအိမ်ကလေး ဆောက်ပြီး နေကြရတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီအိမ်ကလေးမှာ လူအများကြီး နေလို့ မရပေဘူး။ အိမ်ကလေးမှာတော့ သူတို့ မိသားစုဝင် ၇ ယောက်ဟာ ကျဉ်းကျဉ်းကျပ်ကျပ် နေရတာပေါ့။ သက်သောင့်သက်သာ မရှိလှဘူးပေါ့။ အိမ်ထဲမှာ အခန်းပေါင်း နှစ်ခု ရှိတယ်။ တစ်အိမ်လုံးမှာ ခုတင်ကတော့ တစ်လုံးပဲ ရှိတယ်။ အဲဒီခုတင်ကို ချာလီရဲ့ ဘိုးအေ၊ ဘွားအေ ၄ ယောက်က အပိုင် သိမ်းထားတယ်။ သူတို့က အသက်ကြီးလှပြီဆိုတော့ အမြဲလိုလို မောပန်း ပျော့ခွေနေတတ်ကြတယ်။ သူတို့ ၄ ယောက်ဟာ ခုတင်ပေါ်မှာသာ တစ်နေကုန် ထိုင်နေလေ့ရှိကြတယ်။

ဘိုးဘိုးဂျိုးနဲ့ ဘွားဘွားဂျိုးဆက်ဖင်းတို့က ခုတင်ရဲ့ တစ်ဖက်၊ ဘိုးဘိုးဂျော့ဂျ်နဲ့ ဘွားဘွားဂျော်ဂျီနာတို့က တစ်ဖက် အသီးသီး နေရာယူပြီး ထိုင်နေကြတာပေါ့။ မစ္စတာဘက်ကတ်၊ မစ္စက်ဘက်ကတ်နဲ့ ချာလီတို့ကတော့ အခန်း နှစ်ခုအနက် ကျန်တဲ့ တစ်ခုမှာ အတူတကွ အိပ်ကြတယ်။ အခန်းရဲ့ ကြမ်းပြင်ပေါ်မှာ အိပ်ရာခင်းတွေ ခင်းပြီး အိပ်ကြတာ ဖြစ်တယ်။ အဲသလို အိပ်တာက နွေရာသီမှာ မဆိုးလှပေမဲ့ ဆောင်းရောက်ရင်တော့ ခံရပြီသာ မှတ်။ အေးစက်လှတဲ့ ဆောင်းလေပြင်းတွေက အိမ်ကြမ်းပြင်ကို ဖြတ်ပြီး တစ်ညလုံး တိုက်ခတ်နေတာမို့ အရမ်း ချမ်း၊ အရမ်း စိတ်ပျက်စရာပါပဲ။

ဒါပေမဲ့ သူတို့အနေနဲ့ကလည်း ဒီ့ထက်ကောင်းတဲ့ အိမ်ကိုမှ မဝယ်နိုင်ဘဲ။ အိမ် မပြောနဲ့၊ သူတို့ အိပ်ဖို့ ခုတင်တစ်လုံးတောင် ဝယ်နိုင်တာမဟုတ်ဘူး။ ဒါကလည်း မေးခွန်းထုတ်ရလောက်အောင် ဆန်းတဲ့ကိစ္စမဟုတ်ဘူး။ ရှင်းပါတယ်။ သူတို့က ဆင်းရဲလှတာကိုး။

သူတို့မိသားစုမှာ အလုပ်လုပ်တဲ့လူက တစ်ယောက်တည်း။ ချာလီ့ဖေဖေ မစ္စတာဘက်ကတ်ပေါ့။ သူက သွားတိုက်ဆေးထုတ်တဲ့ စက်ရုံမှာ အလုပ် လုပ်တယ်။ သူ့တာဝန်ကတော့ ခုံရှည်တစ်ခုပေါ်မှာ တစ်နေကုန် ထိုင်ပြီး သွားတိုက်ဆေး ဖြည့်ထားပြီးသား ဘူးတွေကို အဖုံးပိတ်ရတဲ့ အလုပ်ပါပဲ။ သူ့အလုပ်က ပိုက်ဆံကောင်းကောင်း မရပါဘူး။ သူ့မိသားစု လိုအပ်တဲ့ ပစ္စည်းအရေအတွက်ရဲ့ တစ်ဝက်ကိုတောင် ဝယ်ဖို့ မလောက်

mgyoe.com

mgyoe.com SAMPLE BOOK

ဘူး။ ဒီ့ထက် ဆိုးတာက မိသားစုဝင်တွေ စားဖို့ အစားအသောက် ကောင်းကောင်း မဝယ်နိုင်ဘူး။ သူတို့ စားနိုင်တာကတော့ မနက်စာအတွက် ပေါင်မုန့်နဲ့ ဟင်းသီးဟင်းရွက်၊ ထောပတ်၊ နေ့လယ်စာအတွက် အာလူးပြုတ်နဲ့ ဂေါ်ဖီ၊ ညစာအတွက်က ဂေါ်ဖီစွပ်ပြုတ်ရည်။ တနင်္ဂနွေနေ့မှာတော့ နည်းနည်း ပိုကောင်းအောင် စားရတယ်။ ပိုကောင်းတယ်ဆိုလို့ တခြားတော့ မဟုတ်ဘူး။ တနင်္ဂနွေနေ့တွေမှာဆို သူတို့တစ်တွေဟာ ထမင်းတစ်နပ်ကို နှစ်ပန်းကန် စားခွင့် ရကြတယ်။

ချာလီလေးတို့ဟာ လုံးဝ ငတ်တာမျိုးတော့ မကြုံရပါဘူး။ ဒါပေမဲ့ မနက်ကနေ ညအထိ ဆာဆာလောင်လောင် နေကြရတယ်။ ဒါကလည်း စဉ်းစားကြည့်လေ။ သူတို့ စားရတာက မစိုမပို မဟုတ်လား။

အာဟာရ မပြည့်စုံတဲ့ ဒဏ်ကို အခံရဆုံးကတော့ ချာလီပါပဲ။ မစ္စတာဘာကက်တ်နဲ့ မစ္စက်ဘာကက်တ်တို့ခမျာမှာလည်း သူတို့သားငယ် ချာလီ ပိုစားရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သူတို့ စားရမယ့် နေ့လယ်စာကို မစားဘဲ ချာလီကိုချည်း ကျွေးလေ့ ရှိတယ်။ ဒါပေမဲ့ ကြီးထွားစ လူငယ်တစ်ယောက်အတွက် ဒီအစားအသောက် ပမာဏလောက်နဲ့ မလုံလောက်သေးဘူးလေ။ ချာလီဟာ သူ နေ့စဉ်စားရတဲ့ ဂေါ်ဖီထုပ်ထက် ပိုပြီး စိတ်ကျေနပ်စရာ ကောင်းတဲ့ အစားအသောက်တွေကို အပြင်းအထန် ငတ်မွတ်နေတာပေါ့။ သူ အစားချင်ဆုံး အစားအစာကတော့ ချောကလက်ပဲ ဖြစ်ပါတယ်။

မနက်ခင်းတိုင်းမှာ ချာလီ ကျောင်းသွားရတယ်။ အဲသလို ကျောင်းသွားတိုင်းမှာလည်း ချောကလက်ဆိုင်တစ်ခုကို ဖြတ်သွားရတယ်။ ဒီတော့ ဆိုင်ရဲ့မှန်ပြတင်းမှာ ပုံထားတဲ့ ချောကလက်အတောင့်ကြီးတွေက ချာလီ့ကို အကြီးအကျယ် ဆွဲဆောင်တော့တာပေါ့။ ချာလီ့ခမျာမယ် ဆိုင်ရဲ့ ပြတင်းဆီသွားပြီး သူ့နှာခေါင်းကို မှန်မှာ ဖိကပ်လို့ ချောကလက်တွေကို ငေးရ ငမ်းရတာ အမော။ ဒါတင်မကဘူး၊ တခြား ကလေးတွေက ချာလီ့ရှေ့မှာ ချောကလက် စားကြတော့လည်း ချာလီလေး စိတ်ဆင်းရဲရတာပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

တစ်နှစ်မှာ တစ်ခါတော့ ချာလီ ချောကလက် စားရတယ်။ တစ်နှစ်တစ်ခါ ကျရောက်တဲ့ သူ့မွေးနေ့မှာ သူတို့ မိသားစုဝင်တွေက ရှိစုမဲ့စုကလေးကို စုပြီး ချာလီ့အတွက် ချောကလက်တစ်တောင့် ဝယ်ကျွေးလေ့ရှိတယ်။ မွေးနေ့မနက်မှာဆို ချာလီဟာ သူ လက်ဆောင်ရထားတဲ့ ချောကလက်တောင့်ကို သူ့သေတ္တာလေးတစ်လုံးထဲမှာ သေသေချာချာ သိမ်းထားတတ်တယ်။ ရွှေချောင်းတစ်ချောင်းကို သိမ်းဝှက်ထားသလိုမျိုးပေါ့။ ချာလီဟာ အဲဒီချောကလက်တောင့်ကို ရက်အနည်းငယ် ကြာသည်အထိ လက်နဲ့ မတို့ဘူး။ ကြည့်ရုံသာ ကြည့်တယ်။ သူ အရမ်း စားချင်လာပြီဆိုမှ ချောကလက်စက္ကူခွံကို ထောင့်တစ်နေရာမှာ နည်းနည်းသာ ဆုတ်ဖြဲပြီး ချောကလက်အသားကိုလည်း ပြက်သိကာလောက်သာ ဖဲ့ဆိတ်ပြီး စားတယ်။ နောက်တစ်ရက်မှာလည်း အဲသလိုပဲ နည်းနည်း ထပ်စားတယ်။ ဒီလိုနဲ့ ခြောက်ပြားတန် ချောကလက်တောင့်ဟာ တစ်လကျော် ကြာသွားတတ်တယ်။

ချောကလက်နဲ့ ပတ်သက်လာရင် ချာလီ့အတွက် အင်မတန် ဆိုးရွားတဲ့ ကိစ္စတစ်ခု ရှိသေးတယ်။ အဲဒီကိစ္စကတော့ ချောကလက်ဆိုင်ကမှန်ပြတင်းထက်၊ ပြီးတော့ ချာလီ့ရှေ့မှာ တစ်ဖြုန်းစ်ဖြုံ စားပြတတ်တဲ့ကလေးတွေထက် အဆပေါင်းများစွာ ချာလီ့စိတ်ကို ညှဉ်းပန်းနေတယ်။ တခြား မဟုတ်ပါဘူး။ ချာလီတို့ရဲ့ မြို့ကလေးမှာ၊ ပိုပြီး တိတိကျကျပြောရရင် ချာလီတို့အိမ်ကနေ လှမ်းမြင်နေရတဲ့ မြင်ကွင်းထဲမှာ ဧရာမချောကလက်စက်ရုံကြီးတစ်ခု ရှိနေခြင်းပါပဲ။

အဲဒီ ချောကလက်စက်ရုံကြီးဟာ ကမ္ဘာမှာ အကြီးဆုံးနဲ့ အကျော်ကြားဆုံး ဖြစ်တယ်။ အဲဒီစက်ရုံကြီး အမည်က 'မစ္စတာဝီလီဝန်ကာရဲ့ချောကလက်စက်ရုံ' ဖြစ်သတဲ့။ စက်ရုံပိုင်ရှင်က မစ္စတာဝီလီဝန်ကာဆိုတဲ့ လူကြီးပေါ့။ သူဟာ အကြီးကျယ်ဆုံး တီထွင်ပညာရှင် ဖြစ်သလိုအလွန်တော်တဲ့ ချောကလက်ထုတ်လုပ်သူလည်း ဖြစ်တယ်။ သူ့ရဲ့ စက်ရုံကြီးက ကြီးမှကြီး။ စက်ရုံကြီးမှာ ဧရာမ သံတံခါးကြီးတွေ ရှိပြီး အလွန်မြင့်မားတဲ့ နံရံကြီးတွေနဲ့လည်း ဝင်းခတ်ထားသေးတယ်။ စက်ရုံ မီးခိုး

mgyoe.com

mgyoe.com SAMPLE BOOK

ခေါင်းတိုင်ဟာ အမြဲတမ်းလို မီးခိုးထွက်နေလေ့ ရှိတယ်။ စက်ရုံဆီက လာတဲ့ အသံဗလံတွေဟာလည်း ဆူလို့ညံလို့ပါပဲ။ စက်ရုံကြီးရဲ့ အပြင်ဘက် မိုင်တစ်ရာ ပတ်လည်လောက်မှာကလည်း စက်ရုံက ထွက်တဲ့ ချောကလက်အရည်ရနံ့တွေက လှိုင်အီလို့။

ချာလီဟာ ကျောင်းအသွားမှာရော အပြန်မှာပါ အဲဒီစက်ရုံရှေ့က ဖြတ်လျှောက်ရတယ်။ စက်ရုံရှေ့က ဖြတ်တဲ့အခါ ချာလီဟာ ဖြည်းဖြည်း မှန်မှန် လျှောက်လေ့ ရှိတယ်။ ဒါကတော့ စက်ရုံထဲက ချောကလက်အနံ့တွေကို အားပါးတရ ရှူရှိုက်ချင်လို့ပါပဲ။

အိုး ... ချာလီဟာ ချောကလက်အနံ့ကို သိပ်သဘောကျတာကလား။ ပြီးတော့ စက်ရုံကြီးရဲ့အထဲကိုလည်း ဝင်ကြည့်ချင်စိတ်က သူ့မှာ အရမ်း။

■

mgyoe.com

mgyoe.com SAMPLE BOOK

အခန်း ၂
# မစ္စတာဝီလီဝန်ကာရဲ့ချောကလက်စက်ရုံ

ညညဆိုရင် ချာလီဟာ ဂေါ်ဖီစွပ်ပြုတ်ရည်ကို စားသောက်ပြီးတိုင်း အဘိုး၊ အဘွား ၄ ယောက်တို့ရဲ့အခန်းထဲ ဝင်ပြီး ဘိုးဘိုး၊ ဘွားဘွားတို့ ပြောပြတဲ့ ပုံပြင်တွေကို နားထောင်လေ့ ရှိပါတယ်။

သူ့ရဲ့ အဘိုး၊ အဘွား အားလုံးဟာ အသက် ၉၀ ကျော်တွေပါ။ အရိုးအပြိုင်းပြိုင်းနဲ့ ပိန်လှီနေသူတွေပေါ့။ သူတို့ဟာ တစ်နေ့ တစ်နေ့ ခုတင်ပေါ်မှာပဲ မျက်နှာချင်းဆိုင် ထိုင်ပြီး ခွေခေါက်နေကြရရှာတယ်။ ခေါင်းပေါ်မှာလည်း ညဆောင်းဦးထုပ် ကိုယ်စီနဲ့။ ဒါပေမဲ့ ညရောက်လို့ အခန်းတံခါးပွင့်သံ၊ ချာလီကလေးရဲ့ 'ကောင်းသောညပါ ဘိုးဘိုး၊ ဘွားဘွားတို့' ဆိုတဲ့ နှုတ်ဆက်သံကို ကြားလိုက်ရတာနဲ့ တစ်ပြိုင်နက် သူတို့ရဲ့ အစင်းကြောင်း ဗရပွနဲ့ မျက်နှာတွေဟာ အပြုံးနဲ့အတူ ဝင်းပလာကြတယ်။ သူတို့က ချာလီ့ကို သိပ်ချစ်ကြတာကလား။ ချာလီတစ်ယောက်သာလျှင် သူတို့ဘဝအတွက် တောက်ပတဲ့ အလင်းရောင်။ ဒီလိုနဲ့ သူတို့ဟာ ချာလီလေး ရောက်လာမယ့်အချိန်ကိုသာ တစ်နေကုန် စောင့်မျှော်

mgyoe.com

mgyoe.com SAMPLE BOOK

နေကြတော့တာပါပဲ။ တစ်ခါတစ်ရံမှာတော့ ချာလီရဲ့ဖေဖေ မစ္စတာဘာကက်နဲ့ မေမေ မစ္စက်ဘာကက်တို့ကလည်း အခန်းဝမှာ လာရပ်ပြီး အဘိုးကြီး၊ အဘွားကြီးတို့ရဲ့ ပုံပြင်တွေကို နားထောင်တတ်ကြတယ်။ အဲဒီတော့ အဲသလို အခိုက်အတန့်များမှာဖြင့် အဘိုးအို၊ အဘွားအိုတို့ရဲ့ အခန်းလေးဟာ ချာလီတို့ မိသားစုရဲ့ သုခဘုံလေးပေါ့။ သူတို့ခမျာ ဆာလောင်မှုကိုတောင် မေ့လျော့နေတတ်တယ်။

တစ်ညသားမှာ အဲဒီအခန်းထဲကို ချာလီ ရောက်တော့ သူ့အဘိုးအဘွားတို့ကို မေးခွန်းထုတ်လိုက်တယ်။

ချာလီ — ဘိုးဘိုးတို့၊ ဘွားဘွားတို့ရေ ... မစ္စတာဝီလီဝန်ကာ ရဲ့ ချောကလက်စက်ရုံကြီးက ကမ္ဘာမှာ အကြီးဆုံးဆိုတာ ဟုတ်လားဟင်။

ဘိုးအေ၊ ဘွားအေများ — ဟုတ်တာပေါ့ မြေးရယ်။ အဲဒီစက်ရုံကြီးက တခြား ဘယ်စက်ရုံထက်မဆို ငါးဆလောက်တော့ ပိုကြီးတယ်။

ချာလီ — ဒါဆို မစ္စတာဝီလီဝန်ကာဆိုတဲ့ လူကြီးကရော ဒီကမ္ဘာမှာ အတော်ဆုံး ချောကလက်ပညာရှင်ဆိုတာ ဟုတ်လား။

ဒီအခါမှာတော့ ဘိုးဘိုးဂျိုးက သူ့ရဲ့ကိုယ်ကို မတ်ပြီး ပြောတယ်။

ဘိုးဘိုးဂျိုး — မစ္စတာဝီလီဝန်ကာဟာ ဒီလောကကြီးမှာ အံ့သြစရာ အကောင်းဆုံး၊ အဆန်းကြယ်ဆုံး၊ အထူးခြားဆုံး ချောကလက် ပညာရှင်ကြီးပါပဲကွယ်။ ဒါကို လူတိုင်း သိပါတယ် မြေးလေးရယ်။

ချာလီ — သူက နာမည်ကြီး တစ်ယောက်ဆိုတာ သားသိပါတယ်။ သူ တော်တယ်ဆိုတာလည်း သားသိပါ ...။

ဘိုးဘိုးဂျိုး — တော်တယ်၊ ဟုတ်လား ... မြေး။ သူက အဲဒီ တော်တယ်ဆိုတာထက် ပိုတယ်ကွယ့်။ သူက

mgyoe.com

mgyoe.com SAMPLE BOOK

ချောကလက် လုပ်တဲ့နေရာမှာ မော်ဆရာပဲ။
ဘယ်အရာမဆို သူ့စိတ်ကြိုက် ဖန်တီးနိုင်စွမ်း
ရှိတယ်။

အဲဒီနောက် ဘိုးဘိုးဂျိုးက တခြား အဘိုးကြီး၊ အဘွားကြီးတွေဘက် လှည့်ပြီး 'ကျုပ် ပြောတာ ဟုတ်တယ် မဟုတ်လား'လို့ မေးလိုက်တယ်။

ကျန် အဘိုး၊ အဘွားတို့က ခေါင်းတွေကို ခပ်လေးလေး ညိတ်ပြီး 'အမှန်ပေါ့။ အဲဒါ လုံးဝ အမှန်ပဲ'လို့ ထောက်ခံလိုက်ကြတယ်။ ဘိုးဘိုးဂျိုးက ဆက်ပြောတယ်။

ဘိုးဘိုးဂျိုး ငါ့မြေးကို ဘိုးဘိုးက အဲဒီ မစ္စတာဝီလီဝန်ကာအကြောင်း ပြောမပြဖူးသေးဘူးလား။ အိုးဟိုး ... ငါ ဘာကြောင့် မပြောရသေးပါလိမ့်။

ချာလီ ဒါဖြင့် ဘိုးဘိုးရယ် ... အခုပဲ ပြောပြပါတော့။

ဘိုးဘိုးဂျိုး အင်း ... ပြောပြတာပေါ့ကွယ်။ ကဲလာ ... ဘိုးဘိုးရဲ့ဘေး



mgyoe.com

mgyoe.com SAMPLE BOOK

မှာ ထိုင်။ ပြီးတော့ ဘိုးဘိုး ပြောပြတာတွေကို သေသေ ချာချာ နားထောင်နော်။

ဘိုးဘိုးဂျိုးဟာ ချာလီရဲ့ ဘိုးအေ၊ ဘွားအေတွေအနက် အသက် အကြီးဆုံးပါပဲ။ ဘိုးဘိုးဂျိုးဟာ အသက် ၉၆ နှစ်နဲ့ ၆ လတောင် ရှိပါပြီ။ အသက်က ကြီးလွန်းလှတော့ အားအင်ချည့်နဲ့ပြီး ပျော့ခွေနေပါပြီ။ တစ်နေ့လုံးမှာလည်း စကားနည်းနည်းသာ ပြောတယ်။ ဒါပေမဲ့ ညရောက်လို့ သူ့အချစ်ဆုံး မြေးလေးချာလီက အခန်းထဲ ဝင်လာပြီဆိုရင်တော့ သူဟာ လူငယ်လေးတစ်ယောက်လို ပြန်လည်နုပျို ရွှင်မြူးနေတတ်တယ်။

ဘိုးဘိုးဂျိုး    ဒီ မစ္စတာဝီလီဝန်ကာဆိုတဲ့ လူဟာ အလွန်ပဲ ထူးဆန်းတဲ့ လူကွယ့်။ မြေး သိရဲ့လား။ အဲဒီလူဟာ ထူးခြားတဲ့ ချောကလက် အမျိုးပေါင်း နှစ်ရာကျော်ကို တီထွင်ခဲ့တယ်။ သူ့ချောကလက်တွေဟာ တခြားစက်ရုံတိုင်းက ချောလလက်တွေထက် ပိုချို၊ ပိုမွှေး၊ ပိုအရသာရှိတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

ပုံစံကလည်း ကွဲပြားပါဘိသနဲ့။

ဘိုးဘိုးဂျိုးရဲ့စကားကို ဘွားဘွားဂျိုးဆက်ဖင်းက ထောက်ခံတယ်။

ဘွားဘွား သိပ်ဟုတ်တာပေါ့ မြေးလေးရယ်။ အဲဒီ မစ္စတာဝီလီဝန်ကာ ဆိုတဲ့လူက သူ့ချောကလက်တွေကို ကမ္ဘာအနှံ့တင်ပို့ ရောင်းချသေးတာကွယ့်။ ဟုတ်တယ် မဟုတ်လား ဘိုးဘိုးဂျိုး။

ဘိုးဘိုးဂျိုး ဟုတ်ပ၊ ဟုတ်ပ။ ကမ္ဘာပေါ်မှာ ရှိသမျှ ဘုရင်ကြီးတွေ၊ သမ္မတကြီးတွေတောင် ဝယ်စားကြသကွယ့်။ တကယ်တော့ မစ္စတာဝီလီဝန်ကာဟာ အံ့ဖွယ် တီထွင်မှုတွေကိုလည်း လုပ်ဆောင်နိုင်သူ ဖြစ်တယ်။ ရေခဲသေတ္တာထဲလည်း ထည့်ထားစရာ မလို၊ နာရီပေါင်းများစွာ ကြာပေမဲ့လည်း အရည်မပျော်တဲ့ ရေခဲမုန့်ကိုလည်း သူ တီထွင်ခဲ့တယ်။

ချာလီ ဟာ ... အဲဒါတော့ မဖြစ်နိုင်ပါဘူး ဘိုးဘိုးရာ။

ဘိုးဘိုးဂျိုး ဟ ... ဖြစ်နိုင်တာပေါ့ကွ။ ဒီကိစ္စက မြေး ထင်သလို အူကြောင်ကြောင် နိုင်ပေမဲ့ မစ္စတာဝီလီဝန်ကာကတော့ တကယ် လုပ်ပြခဲ့တာကွယ့်။

ဒီအခါ ကျန် အဘိုးနဲ့ အဘွားတို့ကလည်း 'ဟုတ်တယ် မြေးရဲ့။ အဲဒီရေခဲမုန့်တွေကို မစ္စတာဝီလီဝန်ကာ လုပ်ခဲ့ဖူးတယ်'လို့ ထောက်ခံလိုက်ကြတယ်။ ပြီးတော့ ဘိုးဘိုးဂျိုးက ဆက်ပြောတယ်။ ဒါပေမဲ့ တစ်ကြိမ်မှာတော့ ဘိုးဘိုးဂျိုးဟာ စကားကို တစ်လုံးချင်း ဖြည်းဖြည်း ပြောတာ ဖြစ်တယ်။ ဒါမှ ချာလီလေးအနေနဲ့ စကားလုံးတိုင်းကို မလွတ်တမ်း ကြားနိုင်မှာတဲ့လေ။

ဘိုးဘိုးဂျိုး ဒီလို မြေးလေးရဲ့။ အဲဒီ ဝီလီဝန်ကာဆိုတဲ့လူကြီးက ပန်း ပွင့်မျိုးစုံရဲ့ အနံ့ပါတဲ့ သကြားလုံးတွေကို ထုတ်လုပ်နိုင်တယ်။ ပြီးတော့ အလွန် အရသာရှိတဲ့ သကြားလုံး တစ် မျိုး ရှိသေးတယ်။ အဲဒီသကြားလုံးဆို ပါးစပ်ထဲမှာ

mgyoe.com

mgyoe.com SAMPLE BOOK

တင် ဆယ်စက္ကန့်ကို တစ်ခါ အရသာပြောင်းတယ်။ နောက်သကြားလုံး တစ်မျိုးကျတော့ ပါးစပ်ထဲ ထည့်လိုက်တာနဲ့ ရှတ်ခနဲ အရသာ ပျောက်သွားရော။ ဒါပေမဲ့ အလွန်ကောင်းတဲ့ အရသာကိုတော့ လျှာပေါ်မှာ ချန်ထားခဲ့တယ်။ အဲဒီသကြားလုံးမျိုးက အလေးချိန်လည်း တော်တော့်ကို ပေါ့တာ။ မစ္စတာဝီလီဝန်ကာက ဘယ်လောက်ဝါးဝါး အချိုဓာတ် မကုန်တဲ့ ပီကေမျိုးလည်း ဖန်တီးခဲ့တာပါပဲ။ ပူဖောင်း မှုတ်လို့ရတဲ့ ပူဖောင်းသကြားလုံးဆိုတာလည်း ရှိသေးတယ်။ အဲဒီသကြားလုံးကို ပူဖောင်းအကြီးကြီး ဖြစ်တဲ့အထိ မှုတ်လို့ ရတယ်။ ပြီးမှ အပ်နဲ့ဖောက်ပြီး စားပစ်လိုက်ပေါ့။ မစ္စတာဝီလီဝန်ကာဟာ သူ့ရဲ့လျှို့ဝှက်ချက် တစ်ခုကို သုံးပြီး အပြာရောင် ငှက်ဥကလေးတွေကိုလည်း လုပ်ခဲ့တယ်။ အဲဒီ ငှက်ဥကလေးတွေပေါ်မှာ အမည်းစက်ကလေးတွေ ပါတယ်။ ပါးစပ်ထဲထည့်လိုက်ရင် ဥကလေးဟာ တဖြည်းဖြည်း သေးပြီး နောက်ဆုံးမှာတော့ ဥတစ်ခု လုံး အရသာပျော် ပျောက်သွားတယ်။ ဒါပေမဲ့ ပန်းနုရောင် သကြားငှက် သေးသေးလေး တစ်ကောင်ကတော့ လျှာပေါ်မှာ ကျန်ခဲ့လိမ့်မယ်ကွယ့်။

ဘိုးဘိုးဂျိုးက သူ့စကားကို ခဏရပ်ပြီး နှုတ်ခမ်းကို လျှာနဲ့ သပ်လိုက်တယ်။ ပြီးတော့ ဆက်ပြောတယ်။

ဘိုးဘိုးဂျိုး — အဲဒီ သကြားလုံးတွေအကြောင်း တွေးမိရုံနဲ့တောင် သွားရည်က ကျသဟေ့။

ချာလီ — သားလည်း သွားရည်ကျတာပဲ။ ဒါပေမဲ့ ကျေးဇူးပြုပြီး ဆက်ပြောပါဦး ဘိုးဘိုးရယ်။

သူတို့ မြေးအဘိုးတွေ စကားကောင်းနေချိန်မှာပဲ မစ္စတာ ဘက်ကတ်နဲ့ မစ္စက်ဘက်ကတ်တို့က အခန်းထဲကို တိုးတိုးဆိတ်ဆိတ် ဝင်လာကြတယ်။ ပြီးတော့ အခန်းဝမှာ ရပ်ပြီး နားထောင်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

'မြေးလေး ချာလီကို အိန္ဒိယမင်းသားလေးအကြောင်း ပြောပြလိုက်ပါလားရှင့်။ ချာလီလေး အဲဒီဇာတ်လမ်းကို စိတ်ဝင်စားမှာပါ'လို့ ဘွားဘွားဂျိုးဆက်ဖင်းက ဘိုးဘိုးဂျိုးကို တိုက်တွန်းတယ်။

'မင်းပြောတာ ဟို ပွန်ဒီချာရီဆိုတဲ့ အရူးလေးအကြောင်း မဟုတ်လား'လို့ ဘိုးဘိုးဂျိုးက ပြန်မေးရင်း တဟားဟား ရယ်မောနေတော့တယ်။

ဘိုးဘိုးဂျော့ဂျ် တကယ့် အရူးအနှမ်းလေးပါဗျာ။

ဘွားဘွားဂျော်ဂျီနာ ဒါပေမဲ့ တော်တော်တော့ ချမ်းသာတယ်နော်။

ချာလီ အဲဒီမင်းသားလေးက ဘာလုပ်ခဲ့လို့လဲဟင် ...။

ဘိုးဘိုးဂျိုး ကဲ ... နားထောင်တော့ မြေးရေ။ ဘိုးဘိုး ပြောပြမယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ၃
# မစ္စတာဝီလီဝန်ကာနဲ့ အိန္ဒိယ မင်းသားလေး

ဘိုးဘိုးဂျိုးက အိန္ဒိယ မင်းသားလေး ပွန်ဒီချာရီအကြောင်းကို ပြောပြပါတော့တယ်။

ဘိုးဘိုးဂျိုး မင်းသားလေး ပွန်ဒီချာရီက မစ္စတာဝီလီဝန်ကာဆီကို စာလှမ်းရေးတယ် မြေးရဲ့။ စာထဲမှာတော့ မစ္စတာဝီလီဝန်ကာအနေနဲ့ အိန္ဒိယပြည်ကို လာပြီး သူ့အတွက် ချောလလက် နန်းတော်ကြီးတစ်ခု ဆောက်ပေးဖို့ ရေးထားသတဲ့။

ချာလီ ဒါကို မစ္စတာဝီလီဝန်ကာက လက်ခံလိုက်သလား။

ဘိုးဘိုးဂျိုး မစ္စတာဝီလီဝန်ကာက လက်ခံလိုက်တယ်။ မစ္စတာဝီလီဝန်ကာ ဆောက်ပေးတဲ့ နန်းတော်ဟာ ဆန်းမှ ဆန်းပဲ။ နန်းတော်ထဲမှာ အခန်းတစ်ရာကျော် ပါတယ်။ အားလုံးကို ချောကလက် အနက် ဒါမှမဟုတ် အညိုတို့နဲ့ လုပ်ထားတာ ဖြစ်တယ်။ အုတ်ခဲတွေက ချောကလက်အုတ်ခဲ

mgyoe.com

mgyoe.com SAMPLE BOOK

တွေ။ ဘိလပ်မြေကလည်း ချောကလက်ပါပဲလေ။ ပြီး
တော့ ပြတင်းပေါက်တွေ၊ နံရံတွေ၊ မျက်နှာကြက်တွေ၊
ကော်ဇောတွေနဲ့ ပန်းချီကားတွေ၊ ပရိဘောဂနဲ့ အိပ်ရာက
အစ အားလုံးကို ချောကလက်နဲ့ လုပ်ထားတာပါပဲ။
ရေချိုးခန်းထဲက ရေပိုက်ခေါင်းကိုလည်း လှည့်ဖွင့်ကြည့်
လိုက်ဦး။ ချောကလက် အရည်ပူပူတွေ ဝေါခနဲ ထွက်ကျ
လာလိမ့်မယ်။

အဲ ... ချောကလက် နန်းတော်ကြီးကို တည်ဆောက်
အပြီးမှာ မစ္စတာဝီလီဝန်ကာက မင်းသားလေး ပွန်ဒီ
ချာရီကို သတိပေးတယ်။ 'ကဲ ... မင်းသားလေးရေ
တစ်ခုတော့ သတိပေးထားမယ်။ ဒီချောကလက် နန်း
တော်ကြီးက တာရှည်ခံမှာ မဟုတ်ဘူး။ ဒီတော့ ခုချိန်က
စပြီး အဲဒီ နန်းတော်ကြီးကို စားပစ်ပေတော့' အဲသလို
သတိပေးစကား ဆိုခဲ့တာပေါ့။

ဒီအခါ မင်းသားလေးက ဘာပြန်ပြောတယ် မှတ်လဲ။
'အလကား အဓိပ္ပာယ် မရှိတာ။ ဒီချောကလက်နန်းတော်
ကို ကျွန်တော် စားမပစ်နိုင်ပါဘူး။ ဒီအထဲမှာ ကျွန်တော်
နေမလို့ဗျ'တဲ့။ တကယ်တော့ မစ္စတာဝီလီဝန်ကာ သတိ
ပေးတာက အမှန်ပဲကွဲ့။ သိပ်မကြာလိုက်ပါဘူး။ အလွန်
ပူပြင်းတဲ့ နေ့တစ်နေ့ ရောက်လာပါရောလား။ ဒီအခါ
ချောကလက်နန်းတော် တစ်ခုလုံးဟာ အရည်ပျော်ကျ
ပါလေရော။ အဲဒီအချိန် မင်းသားလေးက နန်းတော်ရဲ့
ဧည့်ခန်းထဲမှာ တရေးတမော အိပ်နေတာကွယ့်။ သူ
နိုးလာတော့ သူဟာ စေးကပ်ကပ် အညိုရောင် ချော
ကလက် ကန်ရေပြင်ကြီးထဲမှာ ကူးခပ်နေတော့တာပေါ့။

ချာလီလေးက ခုတင်အစွန်းမှာ ငြိမ်ငြိမ်ကုပ်ကုပ်လေး ထိုင်ပြီး
ဘိုးဘိုးဂျိုးကို ငေးစိုက်ကြည့်နေတယ်။ သူ့မျက်နှာဟာ ဝင်းပပြီး မျက်လုံး

mgyoe.com

mgyoe.com SAMPLE BOOK

တွေကလည်း ပြုံးကျယ်နေတယ်။ ဘိုးဘိုးဂျိုးကို သူ မေးလိုက်တယ်။

ချာလီ ဘိုးဘိုး ပြောတာတွေဟာ အမှန်ကော ဟုတ်ရဲ့လားဗျာ။ ဘိုးဘိုး ကျွန်တော့်ကို ကျီစယ်နေတာ မဟုတ်လား။

ဒီအခါ ဘိုးအေ၊ ဘွားအေ လေးယောက်စလုံးက ပြိုင်တူ အော်ဟစ်လိုက်ကြတယ်။

'အမှန်ပေါ့ မြေးရဲ့။ အမှန်တကယ်ပဲ ဖြစ်ခဲ့တာတွေပေါ့။ မယုံရင် လူတကာကို မေးကြည့်'

အဲဒီနောက် ဘိုးဘိုးဂျိုးက ချာလီကို ငဲ့စောင်းကြည့်ပြီး အင်မတန် လျှို့ဝှက် နူးညံ့တဲ့ တီးတိုးအသံနဲ့ ပြောတယ်။

ဘိုးဘိုးဂျိုး နောက်ထပ် အဖြစ်မှန်တစ်ခု မြေးကို ပြောပြရဦးမယ်။ အဲဒီအထဲက ဘယ်သူမှ ထွက်မလာကြဘူးကွဲ့။

ချာလီ အဲဒီအထဲကဆိုတာ ဘာကိုပြောတာလဲ ဘိုးဘိုး။

ဘိုးဘိုးဂျိုး အဲဒီအထဲကို ဘယ်သူမှလည်း ဝင်ခွင့်မရတော့ဘူး။

ချာလီ ဘယ်အထဲကို ဝင်မရတာလဲ ဘိုးဘိုးရဲ့။ ပြောပါဦး။

ဘိုးဘိုးဂျိုး မစ္စတာဝီလီဝန်ကာရဲ့ စက်ရုံထဲကိုပေါ့ကွယ်။

ချာလီ ဘိုးဘိုး ပြောတာကို ကျွန်တော် နားမလည်ဘူး။

ဘိုးဘိုးဂျိုး အလုပ်သမားတွေပေါ့ကွယ်။

ချာလီ အလုပ်သမားတွေ ... ဟုတ်လား။

ဘိုးဘိုးဂျိုး စက်ရုံတိုင်းမှာ မနက်နဲ့ ညနေဘက်တွေမှာ စက်ရုံဂိတ်တံခါးကို ဖွင့်ပြီး ဝင်လိုက်၊ ထွက်လိုက် လုပ်လေ့ရှိတဲ့ အလုပ်သမားတွေ ရှိစမြဲ မဟုတ်လား။ အေး ... မစ္စတာ ဝီလီဝန်ကာရဲ့ စက်ရုံမှာတော့ ဒါမျိုး မရှိဘူး။ မြေးကို ဘိုးဘိုး မေးမယ်။ အဲဒီ စက်ရုံထဲကို ဝင်သွားတဲ့၊ ဒါမှ မဟုတ် စက်ရုံထဲက ထွက်လာတဲ့ တစ်စုံတစ်ယောက် ကိုများ တွေ့ဖူးသလား။ ကဲ ... ဖြေလေ မြေးရဲ့။

ချာလီ သား မသိပါဘူး ဘိုးဘိုးရယ်။ သား စက်ရုံရှေ့က ဖြတ်လျှောက်တဲ့ အခါတိုင်းမှာတော့ စက်ရုံတံခါးက အမြဲ

mgyoe.com

mgyoe.com SAMPLE BOOK

ပိတ်ထားတာပဲ။

ဘိုးဘိုးဂျိုး အတိအကျပေါ့ကွယ်။

ချာလီ ဒါပေမဲ့ အဲဒီအထဲမှာ အလုပ်သမားတော့ ရှိရမှာပေါ့ ဘိုးဘိုးရဲ့။

ဘိုးဘိုးဂျိုး အေး ... ရှိတာပေါ့ကွယ့်။ ဒါပေမဲ့ သူတို့ဟာ သာမန်လူတွေ မဟုတ်ကြဘူး။

ချာလီ ဒါဖြင့် ဘယ်လိုလူတွေလဲဗျ။

ဘိုးဘိုးဂျိုး အဟားဟား ... အဲဒါပဲပေါ့။ မစ္စတာဝီလီဝန်ကာ တော်တယ်ဆိုတာ အဲဒါပဲ။

စကားကောင်းနေခိုက် ချာလီ့မေမေ မစ္စက်ဘက်ကတ်က 'ချာလီ သားရေ၊ အိပ်ဖို့ အချိန်တန်ပြီ'လို့ လှမ်းသတိပေးတယ်။

ချာလီ နေပါဦး မေမေရယ်။ သား သိချင်လို့ပါ။

မစ္စက်ဘက်ကတ် မနက်ဖြန်ကျတော့ လာပြီး နားထောင်ပေါ့ သားရယ်။

ဘိုးဘိုးဂျိုး ဟုတ်ပါတယ် မြေးရေ။ ကျန်တာတွေကို မနက်ဖြန် ညကျတော့ ဘိုးဘိုး ပြောပြပါ့မယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ၄
# လျှို့ဝှက်သော အလုပ်သမားများ

ဒီလိုနဲ့ နောက်တစ်နေ့ည ရောက်လာတယ်။ ဘိုးဘိုးဂျိုးက သူ့ရဲ့ ဇာတ်လမ်းလေးကို ဆက်တယ်။

ဘိုးဘိုးဂျိုး	ဒီလိုကိုးကွယ့် မြေးရဲ့။ တစ်ချိန်တုန်းက မစ္စတာဝီလီဝန်ကာရဲ့ စက်ရုံမှာ အလုပ်သမားတွေ အများကြီး ရှိသကွယ့်။ အဲ ... တစ်နေ့မှာတော့ ရုတ်တရက် ဆိုသလိုပဲ မစ္စတာဝီလီဝန်ကာက အဲဒီ အလုပ်သမားတွေကို စက်ရုံကနေ မောင်းထုတ်လိုက်တယ်။ ဘယ်တော့မှ ပြန်မလာဖို့ အမိန့်ပေးလိုက်တယ်။

ချာလီ	ဘာကြောင့်လဲ ဘိုးဘိုးရဲ့။

ဘိုးဘိုးဂျိုး	သူလျှိုတွေကြောင့်ပေါ့ မြေးရယ်။

ချာလီ	သူလျှို ... ဟုတ်လား။

ဘိုးဘိုးဂျိုး	အေး ... ဟုတ်တယ်ကွယ့်။ ငါ့မြေးကို အဘိုး ရှင်းပြမယ်။ ချောကလက်လုပ်ငန်းရှင် အားလုံးဟာ မစ္စတာ

mgyoe.com

mgyoe.com
SAMPLE BOOK

ဝီလီဝန်ကာရဲ့ သကြားလုံးတွေ၊ ချောကလက်တွေအပေါ် မနာလို မရှုစိမ့် ဖြစ်လာကြတယ်။ ဒီတော့ သူလျှိုတွေ လွှတ်တော့တာပေါ့။ အဲဒီသူလျှိုတွေက မစ္စတာဝီလီဝန်ကာရဲ့ စက်ရုံမှာ အလုပ် ဝင်လုပ်ကြတယ်။ မသိရင်တော့ သူတို့ဟာ ရိုးရိုးသားသား အလုပ်သမားတွေပေါ့။ ဒါပေမဲ့ သူတို့ဟာ မစ္စတာဝီလီဝန်ကာရဲ့ ချောကလက် လုပ်နည်း၊ သကြားလုံး လုပ်နည်းတွေကို ခိုးယူကြတယ်။ လုပ်နည်းတွေကိုလည်း သိရော သူတို့ တကယ် အလုပ် လုပ်တဲ့ စက်ရုံတွေဆီ ပြန်ပြီး မစ္စတာဝီလီဝန်ကာရဲ့ နည်းလမ်းတွေကို အသုံးချကြတော့တာပေါ့။

ဒီလိုနဲ့ မကြာခင်မှာပဲ ဖစ်ကယ်ဂရူဘာဆိုတဲ့ လူကြီးရဲ့ စက်ရုံ မှာ အရည်မပျော်တဲ့ ရေခဲမုန့်တွေ လုပ်လာတယ်။ ပရော့နို့စ်ဆိုတဲ့ လူကြီးရဲ့ စက်ရုံမှာလည်း ဘယ်လောက် ဝါးဝါး အချိုမကုန်တဲ့ ပီကေကို ထုတ်လုပ်လာတယ်။ နောက်တစ်ယောက် ရှိသေးတယ်။ ဆလက်ဂ်ဝါ့သ်တဲ့။ သူကလည်း သကြားလုံးပူဖောင်းကို ထုတ်လုပ်လာ တယ်။ ဒီလိုနဲ့ အဲဒီလူတွေဟာ မစ္စတာဝီလီဝန်ကာ ထုတ်လုပ်ခဲ့သမျှကို လိုက်လံ တုပ ထုတ်လုပ်လာကြတော့တာ ပေါ့ကွယ်။ ဒီအဖြစ်ကို သိသွားတဲ့ မစ္စတာဝီလီဝန်ကာ က သူ့မုတ်ဆိတ်ကလေးကို ဆွဲပြီး 'အခြေအနေတွေ အတော့်ကို ဆိုးပါလားဟရို့။ ငါတော့ ဘဝပျက်တော့ မယ် ထင်တယ်။ သူလျှိုတွေက ငါ့စက်ရုံမှာ ရှိနေပြီ။ စက်ရုံကို ပိတ်ပစ်မှပဲ ရမယ်ဟေ့'လို့ တစ်ကိုယ်တည်း ကြုံးဝါးသတဲ့။

ချာလီ — ဒါပေမဲ့ စက်ရုံကို သူ မပိတ်ခဲ့ဘူးမဟုတ်လား ဘိုးဘိုး။

ဘိုးဘိုးဂျိုး — အိုး ... ပိတ်လိုက်တာပေါ့ကွယ့်။ အလုပ်သမားတွေကို တောင်းပန်စကား ပြောပြီး အိမ်ကို ပြန်ခိုင်းလိုက်တာ

mgyoe.com

mgyoe.com
SAMPLE BOOK

ပေါ့။ အဲဒီနောက် စက်ရုံဂိတ်တံခါးကြီးတွေကို သံကြိုးကြီးကြီးနဲ့ ချည်နှောင်ပြီး ပိတ်ပစ်လိုက်တယ်။ ဒီလိုနဲ့ စက်ရုံကြီးဟာ ရုတ်တရက် ဆိုသလို တိတ်ဆိတ် ခြောက်ကပ်သွားတာ ပေါ့။ အဲဒီအချိန်က စပြီး စက်ရုံရဲ့ မီးခိုးခေါင်းတိုင်မှာ မီးခိုး တိတ်သွားသလို စက်ယန္တရားတွေလည်း ရပ်တန့်သွားတယ်။ လူအဝင်အထွက်လည်း မရှိ၊ သကြားလုံးတို့၊ ချောကလက်တို့လည်း ထွက်လာခြင်း မရှိတော့ဘူး။ မစ္စတာဝီလီဝန်ကာကိုတောင် မတွေ့ရတော့ဘူး။

ဒီလိုနဲ့ လပေါင်းများစွာ ကုန်လွန်လာတာပေါ့ မြေးရယ်၊ စက်ရုံကြီးကတော့ ပိတ်မြဲ။ လူတွေကလည်း မစ္စတာဝီလီဝန်ကာရဲ့ သကြားလုံးတွေကို နှမြောတသ နေကြတာပေါ့။ အဲ ... တစ်နေ့မှာတော့ ထူးဆန်းတဲ့ အဖြစ်အပျက်တစ်ခု ပေါ်ပေါက်လာတယ်။ အဲဒီနေ့ မနက်စောစောမှာ မစ္စတာဝီလီဝန်ကာရဲ့ စက်ရုံ မီးခိုးခေါင်းတိုင်ကနေ မီးခိုးတွေ ထွက်လာတယ် မြေးရဲ့။ တစ်မြို့လုံးက လူတွေဟာ အံ့သြသွားပြီး မီးခိုးတွေကို ရပ်ငေးကြည့်ကြတာပေါ့။ 'မစ္စတာဝီလီဝန်ကာရဲ့စက်ရုံ ဖွင့်ပြီ ထင်တယ်ဟေ့'လို့ အော်ပြီး လူတွေဟာ စက်ရုံရှေ့ကို ပြေးသွားကြတယ်။

ဒါပေမဲ့ မစ္စတာဝီလီဝန်ကာကို သူတို့ မမြင်ကြရဘူး။ စက်ရုံ ဂိတ်တံခါးတွေကလည်း အရင်အတိုင်း သော့ခတ်လျက်ပဲ။ သံကြိုးတွေနဲ့ပဲ။ 'ဒါပေမဲ့ စက်ရုံက အလုပ်လည်ပတ်နေ ပြီပဲ'၊ 'နားထောင်စမ်း၊ စက်တွေ လည်သံကို ကြားနေရတယ်'၊ 'ချောကလက်အနံ့တွေ လှိုင်နေတာပဲဟေ့' စသဖြင့် လူတွေက ပြောနေကြတာပေါ့ကွယ်။

အဲဒီနောက် ဘိုးဘိုးဂျိုးဟာ သူ့ခါးကို အရှေ့ဘက် ကိုင်းပြီး သူ့ရဲ့

mgyoe.com

mgyoe.com SAMPLE BOOK

အရိုးပြိုင်းပြိုင်း လက်ကို ချာလီ့ဒူးပေါ် တင်လိုက်တယ်။

ဘိုးဘိုးဂျိုး ဒီအဖြစ်အပျက်တွေထဲမှာ အလျှို့ဝှက်ဆုံး၊ အထူးဆန်း ဆုံးကတော့ စက်ရုံရဲ့ ပြတင်းပေါက်မှာတွေ့ရတဲ့ အရိပ် တွေပဲကွယ့်။ နှင်းခဲတွေ တွယ်ကပ်နေတဲ့ ပြတင်းပေါက် တွေကို ဖြတ်သန်းပြီး သွားလာနေကြတဲ့ အရိပ် မည်း မည်းကလေးတွေကို လမ်းပေါ် သွားလာသူတွေ အကုန် မြင်ကြရတယ်။

ချာလီ အဲဒါ ဘယ်သူ့အရိပ်တွေလဲဟင် ...။

ဘိုးဘိုးဂျိုး 'စက်ရုံထဲမှာ အလုပ်သမားတွေ ပြည့်နှက်နေတာပဲဟေ့'၊ 'ဒါပေမဲ့ စက်ရုံထဲကို ဝင်သွားတဲ့လူလည်း မရှိဘူး'၊ 'ဘယ် သူမှလည်း စက်ရုံထဲက ထွက်မလာကြဘူး'၊ 'စက်ရုံ တံခါးတွေကိုလည်း ပိတ်ထားတာပဲဥစ္စာ။ ရှူးကြောင် ကြောင် နိုင်တယ်ဟေ့' စသဖြင့် လူအများက ဝေဖန် ပြောဆိုကြ တော့တာပေါ့ မြေးလေးရယ်။ ဘာပဲဖြစ်ဖြစ် စက်ရုံ လည်ပတ်နေတာ အခုဆို သုံးနှစ်သုံးမိုးတောင် ရှိပေါ့။ ဒီ့ထက် ပိုတာက စက်ရုံကထွက်တဲ့ သကြားလုံး



mgyoe.com

mgyoe.com SAMPLE BOOK

တွေ၊ ချောကလက်တွေဟာ ဟိုအရင်က ထွက်တဲ့ဟာတွေထက် ပိုပြီး ဆန်းပြား၊ ပိုပြီး အရသာရှိနေကြတာပဲ။ အခုနေ မစ္စတာဝီလီဝန်ကာက သကြားလုံးအသစ် တစ်မျိုး တီထွင်မယ်ဆိုရင် ဖစ်ကယ်ဂရူဘာတို့၊ ပရော့နို့စ်တို့၊ ဆလက်ဂ်ဝါ့သ်တို့ လိုက်ပြီး တုပနိုင်ကြမှာ မဟုတ်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ သူလျှိုတွေဟာ စက်ရုံထဲ ဝင်လို့မှ မရတော့တာ။

ချာလီ — ဒါဆို အခု စက်ရုံထဲမှာ အလုပ်လုပ်နေတဲ့ အလုပ်သမားတွေက ဘယ်သူတွေလဲဟင် ...။

ဘိုးဘိုးဂျိုး — ဒါကို ဘယ်သူမှ မသိဘူး ချာလီ။

ချာလီ — ဒါ အဓိပ္ပာယ် သိပ်မရှိဘူး ဘိုးဘိုးဂျိုးရဲ့။ မစ္စတာ ဝီလီဝန်ကာကို မေးမကြည့်ဘူးလား။

ဘိုးဘိုးဂျိုး — မစ္စတာဝီလီဝန်ကာကို ဘယ်သူမှ တွေ့ခွင့်မရဘူးလေ မြေးရဲ့။ မစ္စတာဝီလီဝန်ကာ စက်ရုံထဲကနေ လုံးဝ ထွက်မလာဘူး။ စက်ရုံထဲက ထွက်လာတာဆိုလို့ သကြားလုံးနဲ့ ချောကလက်တွေပဲ ရှိတယ်။ အဲဒီ သကြားလုံးတွေ၊ ချောကလက်တွေဟာလည်း စက်ရုံနံရံမှာရှိတဲ့ အံဝှက်တစ်ခုကနေ ထွက်လာကြတာ။ သကြားလုံးအထုပ်တွေမှာ ပို့ပေးရမယ့်လိပ်စာတွေ ရေးထားတယ်။ စာပို့ကားတွေက အဲဒီမုန့်ထုပ်တွေကို ယူသွားပြီး လိပ်စာအတိုင်း ပို့ပေးတယ်။

ချာလီ — ဒါပေမဲ့ ဘိုးဘိုးရယ်၊ အဲဒီစက်ရုံအလုပ်သမားတွေဆိုတာက ဘယ်လို လူတွေလဲဟင် ...။

ဘိုးဘိုးဂျိုး — ဒီမယ်ကွယ့် ... မြေးလေး ချာလီ။ အခု ငါ့မြေး မေးနေတဲ့ မေးခွန်းဟာ ချောကလက် လောကရဲ့ လျှို့ဝှက်ချက်တွေ အနက်က တစ်ခုပဲ။ အဲဒီအလုပ်သမားတွေဟာ ခန္ဓာကိုယ်သေးပုံတော့ ရတယ်။ ညနှောင်းပိုင်းတွေမှာ စက်ရုံမီးတွေ

mgyoe.com

mgyoe.com
SAMPLE BOOK

ဖွင့်ထားတဲ့အခါ တွေ့ရတဲ့ အရိပ်တွေကို ကြည့်ခြင်းအားဖြင့် အဲဒီ အလုပ်သမားတွေဟာ ဘိုးဘိုးရဲ့ ဒူးလောက်အထိပဲ အရပ်ရှည်ကြမယ် ထင်တယ်။

ချာလီ အဲသလို လူမှ လောကမှာ မရှိတာပဲ ဘိုးဘိုးရဲ့။

သူတို့ မြေးအဘိုးတွေ အဲသလို ပြောနေချိန်မှာပဲ ချာလီ့ဖေဖေ မစ္စတာဘက်ကတ်က အခန်းထဲ ဝင်လာတယ်။ သူဟာ သွားတိုက်ဆေး စက်ရုံက ပြန်လာတာ ဖြစ်တယ်။ မစ္စတာဘက်ကတ်က သူ့လက်ထဲက ညနေခင်း သတင်းစာတစ်စောင်ကို ဝှေ့ယမ်းရင်း 'သတင်းထူး ကြားပြီးပြီလားဗျို့'လို့ အော်ပြီး ဝင်လာတာပါ။ ပြောရင်းဆိုရင်း သတင်းစာကို မြှောက်ပြတယ်။ အဲဒီ သတင်းစာပေါ်က ခေါင်းကြီးစာလုံးတွေကို အခန်းထဲကလူ အကုန်လုံး မြင်ကြရတယ်။ အဲဒီ ခေါင်းကြီး စာလုံးတွေကတော့ ...

''မစ္စတာဝီလီဝန်ကာရဲ့ စက်ရုံပြန်ဖွင့်ပြီ''
(ကံကောင်းသူ အနည်းငယ်ကိုသာ စက်ရုံထဲသို့ ဝင်ခွင့်ပြုမည်)

■

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ၅
# ရွှေရောင်ကံစမ်းမဲလက်မှတ်များ

ဘိုးဘိုးဂျိုးက မစ္စတာဘက်ကတ်ကို မေးတယ်။

'ဘက်ကတ်၊ မစ္စတာဝီလီဝန်ကာရဲ့ စက်ရုံထဲကို ဝင်ခွင့်ရကြတော့မယ် ... ဟုတ်လား။ ကဲကဲ ... သတင်းစာမှာ ဘာတွေ ရေးထားသလဲဆိုတာ ဖတ်ပြပါဦး'

ဒီတော့ မစ္စတာဘက်ကတ်က သတင်းစာကို ဖြန့်ရင်း ...

'ကဲ ... ကျွန်တော် ဖတ်ပြပါ့မယ်။ နားထောင်နော်'လို့ ပြောပြီး သတင်းစာကို ဖတ်ပါတော့တယ်။

### ညနေခင်း သတင်းစဉ်

လွန်ခဲ့သော ဆယ်နှစ်လောက်မှ စ၍ မည်သူမျှ မြင်တွေ့ခွင့် မရခဲ့သော အစားအသောက် ပညာရှင် မစ္စတာဝီလီဝန်ကာက အောက်ဖော်ပြပါ ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်လိုက်ပါသည်။

'ကျွန်တော် မစ္စတာဝီလီဝန်ကာသည် ယခုနှစ်၌ ကျွန်တော်၏ စက်ရုံထဲသို့ လာရောက် လည်ပတ်ရန် ကလေး

mgyoe.com

mgyoe.com SAMPLE BOOK

ငါးဦးကို ခွင့်ပြုပါမည်။ ကလေးအရေအတွက် ငါးဦးထက် တော့ ပိုမည် မဟုတ်ပါ။ ၎င်းကံထူးရှင် ကလေး ငါးဦးကို ကျွန်တော်ကိုယ်တိုင် စက်ရုံအတွင်း လိုက်လံပြသပေးမည် ဖြစ်ရာ ၎င်းကလေးတို့သည် ကျွန်တော့် သကြားလုံးစက် ရုံ၏ ပဉ္စလက်များ၊ မှော်အတတ်များ၊ လျှို့ဝှက်ချက်များ အားလုံးကို မြင်တွေ့ရပါလိမ့်မည်။ လေ့လာရေးခရီးစဉ် အဆုံး၌ ကျွန်တော်က သူတို့လေးတွေ တစ်သက်တာ စားမကုန်မည့် သကြားလုံးနှင့် ချောကလက်တို့ကိုလည်း လက်ဆောင်အဖြစ် ပေးအပ်ပေမည်။ ထို့ကြောင့် ထိုသို့ စက်ရုံအတွင်း ဝင်ရောက်နိုင်ရန် ကံစမ်းမဲအဖြစ် ရွှေရောင် လက်မှတ် ငါးခုကို စီစဉ်ထားပါသည်။ ၎င်းကံစမ်းမဲများ ကို ကျွန်တော်၏စက်ရုံမှ ထုတ်သော ချောကလက်တောင့် များတွင် ထည့်သွင်းပါမည်။ ၎င်းကံစမ်းမဲ ပါသော ချော ကလက် ငါးခုမှာလည်း ကမ္ဘာပေါ်ရှိ မည်သည့်နေရာကို မဆို ရောက်သွားနိုင်ပါသည်။ မည်သည့် တိုင်းပြည်မဆို၊ မည်သည့် မြို့မဆို၊ မည်သည့် လမ်းမဆိုမှ ချောကလက် ဆိုင်များသို့ ရောက်သွားမှာ ဖြစ်သည်။ ၎င်းတို့ကို ရှာဖွေ ဖို့ ဖြစ်သည်။ ကံစမ်းမဲရသူ စက်ရုံထဲ ဝင်နိုင်မည်။ အား လုံး ကံကောင်းကြပါစေ။ အားလုံး ပျော်ရွှင်စွာဖြင့် ရှာဖွေ နိုင်ကြပါစေ။

မစ္စတာဝီလီဝန်ကာ

မစ္စတာဘက်ကတ် သတင်းစာဖတ်ပြအပြီးမှာ ...

ဘွားဘွားဂျိုး   ဒီ မစ္စတာဝီလီဝန်ကာဆိုတဲ့ လူကတော့ အရူးပဲ။

ဘိုးဘိုးဂျိုး   ဘယ်ရူးရမှာလဲဟေ့။ အဲဒါ သူ့ တော်တာ။ သူက မျက်လှည့်ဆရာပဲ။ ဘာတွေ ဖြစ်လာမယ်ဆိုတာ တွေး ကြည့်စမ်း။ လူတွေဟာ ဒီရွှေရောင်ကံစမ်းမဲတွေကို ရဖို့

mgyoe.com

mgyoe.com SAMPLE BOOK

ချောကလက်တွေ ဝယ်စားကြတော့မယ်။ ဒါဆို မစ္စတာ ဝီလီဝန်ကာရဲ့ ချောကလက်တွေ ရောင်းကောင်းတော့မှာ ပေါ့။ အဲဒီကံစမ်းမဲမျိုးသာ ပေါက်ခဲ့ရင် ဘယ်လောက် တောင် ပျော်စရာ ကောင်းမလဲနော်။

ဘိုးဘိုးဂျော့ဂျ် ဟုတ်တယ်နော်။ တစ်သက် စားမကုန်တဲ့ ချောကလက် တွေကို ရမှာ။ ဟေး ... ဟေး ...။

ဘွားဘွားဂျော်ဂျ် အဲသလောက်တောင် များရင်တော့ အဲဒီချောကလက် တွေကို ကုန်တင်ကားနဲ့ ပို့ရမှာပေါ့နော်။

ဘွားဘွားဂျိုး အိုတော် ... ကျုပ်ကတော့ ဒီကိစ္စကို မဆွေးနွေးချင် ပါဘူး။

ဘိုးဘိုးဂျိုး ဟော့ ... ဂျိုးဆက်ဖင်း၊ အဓိပ္ပာယ်မရှိတာတွေ မပြောနဲ့ ကွာ။ ကဲ ... ငါ့မြေးကိုပဲ မေးမယ်။ ချာလီရေ ... ချော ကလက်တောင့် တစ်ခုကို စက္ကူအခွံ ခွာကြည့်ရာက ရွှေရောင် တဖျပ်ဖျပ် လက်နေတဲ့ ကံစမ်းမဲလက်မှတ်ကို တွေ့လိုက်ရရင် ပျော်စရာ မကောင်းပေဘူးလား။

ချာလီ အို ... ပျော်စရာကောင်းတာပေါ့ ဘိုးဘိုးရာ။ ဒါပေမဲ့ သားမှာ အဲဒီမျှော်လင့်ချက် မရှိပါဘူး။ သားက တစ်နှစ်လုံး နေမှ ချောကလက် တစ်ပြားပဲ စားရတယ်လေ။

ဘွားဘွားဂျော်ဂျ် အို ... စိတ်မပျက်ပါနဲ့ ငါ့မြေးရယ်။ ဒါကို ဘယ် အတပ် ပြောနိုင်ပါ့မလဲ။ လာမယ့်တစ်ပတ် ဆိုရင်ပဲ ငါ့မြေးရဲ့ မွေးနေ့ရောက်ပြီ မဟုတ်လား။ ဒီတော့ တခြားကလေးတွေ နည်းတူ ငါ့မြေးမှာလည်း အခွင့်အရေး ရှိပါသေးတယ်။

ဘိုးဘိုးဂျော့ဂျ် လွယ်တော့ မလွယ်ဘူးဟေ့။ အခု ဒီရွှေရောင်ကံစမ်းမဲကို ရှာဖွေကြမယ့် ကလေးတွေက ချောကလက်ကို နေ့စဉ် ဝယ်စားကြမှာ။ တို့ရဲ့မြေးလေး ချာလီကတော့ တစ်နှစ် မှ ချောကလက်တစ်ပြားသာ စားခွင့်ရတယ်။ ဒီတော့ မျှော်လင့်စရာ သိပ်မရှိဘူးပေါ့။

■

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ၆

# ရွှေရောင်ကံစမ်းမဲကို အစောဆုံးရသူ နှစ်ယောက်

နောက်တစ်နေ့မှာ ပထမဆုံး ကံထူးရှင် ပေါ်လာတယ်။ ကံထူးရှင်ရဲ့ အမည်က ဩဂတ်စတပ်စ်တဲ့။ ချာလီရဲ့ဖေဖေ မစ္စတာဘက်ကတ်ယူလာတဲ့ ညနေခင်း သတင်းစာ မျက်နှာဖုံးမှာ အဲဒီ ဩဂတ်စတပ်စ်ရဲ့ ဓာတ်ပုံကြီး ပါလာတယ်။ ဩဂတ်စတပ်စ်ရဲ့ပုံက လေထိုးပိုက် ကြီးကြီးနဲ့ လေထိုးထားပုံမျိုးပဲ။ အလွန်ဝ၊ အလွန်ပြဲတဲ့ ၉ နှစ်သားအရွယ် ဖက်တီးလေးပေါ့။ အဆီအခေါက် ထူထူကြီးတွေက သူ့ခန္ဓာကိုယ်အနှံ့မှာ တွဲရရွဲကျလို့နေသပေါ့။ မျက်နှာကလည်း ပေါင်မုန့်ဖုတ်တဲ့ ဂျုံလုံးကြီးနဲ့ တူတယ်။ အဲဒီမျက်နှာပေါ်မှာ ဆီးသီး သေးသေးလေး နှစ်လုံးနဲ့ တူတဲ့ မျက်လုံးတွေ ပါတယ်။ မျက်လုံးတွေဟာ သေးပေမဲ့ လောကကြီးကို လောဘတကြီး ပြူးကြည့် နေတတ်တယ်။ သတင်းစာမှာ ရေးထားသလိုဆို ဩဂတ်စတပ်စ် နေထိုင်ရာ မြို့က လူတွေဟာ သူတို့ရဲ့ သူရဲကောင်းလေး ဩဂတ်စတပ်စ်ရဲ့ အောင်မြင်မှုကြောင့် တစ်မြို့လုံး စိတ်လှုပ်ရှားပြီး ဆူညံနေသတဲ့။ တစ်မြို့လုံးမှာ ရှိတဲ့ ပြတင်းပေါက်တွေမှာ အလံတွေ လွှင့်ထူထားကြသလို ကလေးတွေဟာလည်း ကျောင်းပိတ်ရက် တစ်ရက်

mgyoe.com

mgyoe.com SAMPLE BOOK

ရသွားကြဆိုပဲ။ ဩဂတ်စတပ်စ်ကို ဂုဏ်ပြုတဲ့ ဂုဏ်ပြုချီတက်ပွဲ တစ်ခု တောင် လုပ်ခဲ့သေးသတဲ့။

ဩဂတ်စတပ်စ်ရဲ့အမေ မစ္စက်ဂလု(ပ)က သတင်းစာသမားတွေနဲ့ တွေ့ဆုံရာမှာ ဒီလို ပြောတယ်။

'ကျွန်မသား ဩဂတ်စတပ်စ် ကံစမ်းမဲပေါက်တယ်ဆိုတာ ကျွန်မ ကြိုတင် သိနေခဲ့ပါတယ်။ ကျွန်မ သားက တစ်နေ့တစ်နေ့ ချောကလက်တွေ အများကြီး စားနေကျဆိုတော့ ကံစမ်းမဲကို တွေ့တော့မှာပေါ့ရှင်။ စားတာသောက်တာက သားလေးရဲ့ဝါသနာလေ။ ဘာပဲဖြစ်ဖြစ်ပေါ့ရှင်၊ အစားအသောက်ပဲ စားနေတယ်ဆိုတာက အားလပ်ချိန်မှာ ဆူပူ သောင်းကျန်းတာတို့၊ အိမ်သုံးသေနတ်ကို ယူပြီး ဟိုပစ်ဒီပစ် လုပ်တာတို့ထက် စာရင်တော့ အများကြီး တော်သေးတာပေါ့။ နောက်ပြီး ကျွန်မ အမြဲ ပြောလေ့ ရှိသလိုပေါ့။ ကျွန်မရဲ့သား ဩဂတ်စတပ်စ်ဟာ အာဟာရ ဖြည့်တင်းဖို့ မလိုအပ်ဘဲနဲ့တော့ အခုလို အသားလွတ် စားနေမယ်



mgyoe.com

mgyoe.com SAMPLE BOOK

မထင်ဘူး။ သူ စားသမျှက ဗီတာမင်တွေပဲလေ။ အခု မစ္စတာဝီလီဝန်ကာ ရဲ့ စက်ရုံထဲကို သားလေး ရောက်ခွင့်ရတော့မယ်ဆိုတော့ ကျွန်မဖြင့် သိပ်ကို စိတ်လှုပ်ရှားတာပဲ။ ဂုဏ်လည်း ယူပါတယ်ရှင့်'

ဘွားဘွားဂျို ဒီမိန်းမကတော့ စံပဲဟေ့။ တကယ့်ကို ကိုးရိုးကားရား မိန်းမမျိုးပဲ။

ဘွားဘွားဂျော် ဟုတ်ပါ့တော်၊ ဟို ... ဩဂတ်စတပ်စ်ဆိုတဲ့ ကောင်စုတ် ကလေးကလည်း ဘာထူးလဲ။ ကလန်ကဆန် လုပ်မယ့် ရုပ်နဲ့။

ဘိုးဘိုးဂျော့ဂျ် ကဲကဲ ... အခု ကံစမ်းမဲက လေးစောင်ပဲ ကျန်တော့ တယ်။ ဘယ်သူတွေ ရဦးမလဲ မသိဘူးနော်။

အခုတော့ တစ်တိုင်းပြည်လုံး၊ ဒီ့ထက် ပိုပြောရရင် တစ်ကမ္ဘာလုံး ဟာ ရူးနှမ်းလှတဲ့ ချောကလက် အဝယ်ပြိုင်ပွဲကြီးမှာ ပါဝင်ငြိတွယ် ပတ် သက်နေကြပြီ ဖြစ်ပါတယ်။ လူတိုင်းဟာ ကျန်ရှိတဲ့ အဖိုးတန် ကံစမ်းမဲ တွေကို အူယားဖားယား စိတ်လှုပ်ရှားစွာ ရှာဖွေနေပါတော့တယ်။ အရွယ် ရောက်ပြီဖြစ်တဲ့ အမျိုးသမီးတွေတောင် သကြားလုံးအရောင်းဆိုင်တွေမှာ ဝင်တိုးပြီး မစ္စတာဝီလီဝန်ကာရဲ့ ချောကလက်တွေ ဝယ်နေကြတာ တွေ့ ရတယ်။ သူတို့ဟာ တစ်ခါ ဝယ်ရင် ချောကလက် ဆယ်တောင့် ဝယ်ယူ ကြပြီး ချက်ချင်းဆိုသလို စက္ကူထုပ်ကို ဖြေကြည့်ကြတယ်။ ကလေးတွေ ဆိုလည်း တူတွေကို ယူ၊ သူတို့ရဲ့စုဘူးတွေကို ခွဲ၊ အထဲက ပိုက်ဆံထုတ်၊ ပြီးတော့ ပိုက်ဆံကို လက်မှာ ဆုပ်ပြီး သကြားလုံးဆိုင်ဆီ ပြေးကြပါရော လား။ မြို့တစ်မြို့မှာဆိုရင် နာမည်ကျော် လူဆိုးဂိုဏ်းသားတစ်ယောက် ဟာ ဘဏ်တစ်ခုကနေ ငွေတစ်ထောင် ဓားပြတိုက်ယူပြီး မစ္စတာဝီလီ ဝန်ကာရဲ့ ချောကလက်တွေကို ဝယ်ပစ်လိုက်သတဲ့။ ရဲတွေက သူ့အိမ် ဝင်ဖမ်းတော့ တောင်ပုံရာပုံ ဖြစ်နေတဲ့ ချောကလက်တွေ အကြားမှာ ထိုင်ပြီး ဓားမြှောင်တစ်ချောင်းနဲ့ ချောကလက်အခွံ ထိုင်ခွာနေတဲ့ သူ့ကို တွေ့ရသတဲ့။ ဟိုးအဝေးကြီးက ရုရှနိုင်ငံမှာဆိုလည်း ရှားလော့ရပ်စ်လို့

mgyoe.com

mgyoe.com SAMPLE BOOK

ခေါ်တဲ့ အမျိုးသမီးတစ်ယောက်ဟာ ဒုတိယမြောက် ကံစမ်းမဲကို တွေ့ပါပြီလို့ ကြေညာသတဲ့။ ဒါပေမဲ့ သူ့ရဲ့ကံစမ်းမဲဟာ အစစ် မဟုတ်။ ပါးနပ်လိမ္မာစွာ ဖန်တီးထားတဲ့ အတု ဖြစ်နေပါသတဲ့။ အင်္ဂလိပ်လူမျိုး နာမည်ကျော် သိပ္ပံပညာရှင် ပရော်ဖက်ဆာ ဖောင်းဘာဒီဆိုတဲ့ လူကလည်း ချောကလက်စက္ကူကို ခွာစရာမလိုဘဲ ကံစမ်းမဲ ပါ၊ မပါ အတပ်ပြောနိုင်တဲ့ စက်တစ်မျိုးကို တီထွင်ထားပါသတဲ့။ အဲဒီစက်မှာ အထူးဖန်တီးထားတဲ့ လက်တစ်ချောင်း ပါတယ်။ အဲဒီလက်ချောင်းကြီးက သူ့ရှေ့မှာ ရွှေပါတဲ့ ပစ္စည်းရှိရင် စက်ထဲကနေ ပြင်းထန်တဲ့ အားနဲ့ ထွက်လာပြီး ရွှေပါတဲ့ ပစ္စည်းကို ရွေးယူတယ်။ ပထမတော့ အဲဒီစက်က အလုပ်ဖြစ်မလိုလိုပဲ။ ဒါပေမဲ့ ကံဆိုးတယ်ပဲ ဆိုရမယ်။ တစ်ရက်မှာ ပရော်ဖက်ဆာ ဖောင်းဘာဒီက အဲဒီစက်ကို သကြားလုံးဆိုင် တစ်ဆိုင်မှာ သရုပ်ပြသဘော အစမ်းလုပ်ပြတုန်း လက်ကြီးက စက်ထဲကနေ ဝုန်းခနဲ ထွက်လာပြီး အနီးအနားမှာရှိနေတဲ့ မြို့စားကတော်ရဲ့ ပါးစပ်ထဲက ရွှေအံသွားကို ဆွဲနုတ်ပါလေရော။ မြင်ကွင်းက သိပ်ကို ကြည့်ရဆိုးတာပဲ။ ဒီလိုနဲ့ ပရိသတ် လူအုပ်ကြီးက အဲဒီစက်ကို စိစိညက်ညက် ကြေအောင် ဝိုင်းထုလိုက်ကြကရော။

ချာလီရဲ့ မွေးနေ့မတိုင်မီ တစ်ရက်အလိုမှာပဲ ရုတ်တရက် ဆိုသလို သတင်းစာမှာ ကြေညာချက်တစ်ခု ပါလာပြန်တယ်။ ဒုတိယမြောက် ကံစမ်းမဲလက်မှတ်ကို တွေ့သွားပြီတဲ့။ ကံထူးရှင်က ဗရူကာဆော့ထ်လို့ အမည်ရတဲ့ ခပ်သေးသေး ကောင်မလေးပါ။ သူက ဟိုးအဝေးကြီးက မြို့ကြီးပြကြီးတစ်ခုမှာ ချမ်းသာတဲ့ မိဘတွေနဲ့ အတူနေတယ်။ ချာလီ့ဖေဖေ မစ္စတာဘာကက်တ် ယူလာတဲ့ သတင်းစာမှာ ဗရူကာဆော့ထ်ရဲ့ပုံပါလာတယ်။ ကောင်မလေးက သူတို့အိမ်ရဲ့ ဧည့်ခန်းမှာ ပြုံးဖြီးနေတဲ့ သူ့အဖေနဲ့ အမေကြား ဝင်ထိုင်ပြီး အရိုက်ခံထားတဲ့ ဓာတ်ပုံပါ။ ကောင်မလေးက သူ့လက်ကို မြှောက်ထားတယ်။ သူ့လက်ထဲမှာက ရွှေရောင် ကံစမ်းမဲ။ ဗရူကာဆော့ထ်ဟာ ပါးစပ် နားရွက်မှာ ချိတ်အောင် ပါးစပ်ကို ဖြဲပြီး ရယ်နေတယ်။

ဗရူကာဆော့ထ်ရဲ့အဖေ မစ္စတာဆော့ထ်က ကံစမ်းမဲကို ဘယ်ပုံ

mgyoe.com

mgyoe.com
SAMPLE BOOK



ဘယ်နည်း ရခဲ့ကြောင်း သတင်းသမားတွေကို ရှင်းပြတယ်။

'ဒီလိုဗျ ကိုယ့်လူတို့ရ။ ကျွန်တော့်သမီး ဗရူကာဆော့ထ်က သူ ကံစမ်းမဲ လိုချင်တယ်လို့ ပူဆာတယ်။ သူ ပြောပြီးတာနဲ့ တစ်ပြိုင်နက် ကျွန်တော်လည်း မြို့ထဲထွက်ပြီး လက်လှမ်းမီသမျှ မစ္စတာဝီလီဝန်ကာ ရဲ့ ချောကလက်တွေ ဝယ်ခဲ့တယ်။ ချောကလက်အတောင့် ထောင်ပေါင်း များစွာပေါ့။ အဲဒီနောက် ဝယ်ထားတဲ့ ချောကလက်တွေကို ကုန်တင်ကားနဲ့ တင်ပြီး ကျွန်တော့်အလုပ်ရုံကို ပို့လိုက်တယ်။ ကျွန်တော်က မြေပဲလုပ်ငန်း လုပ်ကိုင်တယ်ဆိုတော့ ကျွန်တော့်မှာ အမျိုးသမီးအလုပ်သမား တစ်ရာခန့် ရှိတယ်။ သူတို့က မြေပဲအခွံခွာတဲ့အလုပ် လုပ်ရတာလေ။ သူတို့ကို ပြော လိုက်တယ်။ ကဲ ... ကောင်မလေးတွေ အခုချိန်က စပြီး မြေပဲအခွံခွာတာ ရပ်ပြီး ဒီချောကလက်အခွံတွေကိုသာ ခွာပေတော့။ အဲသလို ကျွန်တော် ပြောတော့ သူတို့ခမျာ ကျွန်တော် ပြောသလို လုပ်ကြရှာပါတယ်။ ဒီလိုနဲ့ အလုပ်သမားတွေဟာ အမြန်နှုန်း အပြည့်နဲ့ ချောကလက်အခွံကို မနက်က နေ ညနေအထိ ထိုင်ခွာပါတော့တယ်။ ဒါပေမဲ့ သုံးရက်သာ ကုန်သွား တယ်။ ကံစမ်းမဲ မရဘူး။ ကျွန်တော့်သမီး ဗရူကာဆော့ထ် ခမျာလည်း

mgyoe.com

mgyoe.com SAMPLE BOOK

စိတ်အပျက်ကြီး ပျက်နေရှာတာပေါ့။ ကျွန်တော် စက်ရုံကနေ အိမ်ပြန်ရောက်တိုင်း 'သမီးအတွက် ကံစမ်းမဲ ဘယ်မှာလဲ။ ကံစမ်းမဲ လိုချင်တယ်' လို့ အာခေါင်ခြစ် အော်နေတော့တာပါပဲ။ အော်ရုံနဲ့ မပြီးဘူး။ ကြမ်းပြင်မှာ လူးလိမ့်နေသေးသဗျာ။ ကျွန်တော့်အနေနဲ့ကလည်း သမီးလေး အဲသလို မပျော်မရွှင် ဖြစ်နေတာကို မမြင်ချင်ပါဘူး။ ဒီတော့ ကျွန်တော် သစ္စာပြုလိုက်တယ်။ သမီး လိုချင်တာကို ရအောင် ရှာမယ်လို့။ ဒီလိုနဲ့ လေးရက်မြောက် နေ့မှာပေါ့၊ ကျွန်တော့် အလုပ်သမားတွေထဲက တစ်ယောက်က 'ဟေး ... တွေ့ပြီဟေ့။ ကံစမ်းမဲကို ကျွန်မ တွေ့ပြီ'လို့ အော်ပါလေရော။ ကျွန်တော်လည်း ကံစမ်းမဲကို ယူပြီး သမီးဆီ တစ်ချိုးတည်း လစ်တော့တာပေါ့။ အခုတော့ သမီးလေးဟာ ပြုံးပြုံးပျော်ပျော် ဖြစ်နေပြီ။ ကျွန်တော်တို့လည်း ပျော်စရာကောင်းတဲ့ မိသားစုအိမ်ကလေးကို နောက်တစ်ကြိမ် ပိုင်ဆိုင်ခွင့် ရလိုက်တာပေါ့။

မစ္စတာဘက်ကတ်က သတင်းစာကို ဖတ်ပြလို့လည်း ပြီးရော ...

| | |
|---|---|
| ဘွားဘွားဂျို | ဒီကလေးမက ဟိုဝတုတ်ကောင်ထက် ပိုဆိုးသဟေ့။ |
| ဘွားဘွားဂျော် | တင်ပါးကို နာနာ ရိုက်ပြီး ဆုံးမရမယ်။ |
| ချာလီ | သား အထင်တော့ ဘိုးဘိုးရယ် ... အဲဒီ ဗရူကာဆော့ထ်ရဲ့ အဖေ မစ္စတာဆော့ထ်က မတရားဘူး။ ဘိုးဘိုးဂျိုးရော ဘယ်လို ထင်သလဲဟင် ...။ |
| ဘိုးဘိုးဂျိုး | ဒီ မစ္စတာဆော့ထ်ဆိုတဲ့ ငနဲက သူ့သမီးကို ဖျက်ဆီးနေတာပဲ။ ကလေးတစ်ယောက်ကို ဒီလောက်အထိ အလိုလိုက်တာ မကောင်းဘူး။ မြေးလေး ... ချာလီ၊ ဘိုးဘိုး ပြောတာကို မှတ်ထား။ |

အဲဒီအချိန်မှာပဲ မစ္စက်ဘက်ကတ်က 'သား ... ချာလီရေ၊ အိပ်ကြရအောင်။ မနက်ဖြန် သားလေး မွေးနေ့ ရှိတယ်နော်။ မနက်ဖြန်ကျတော့ သား လက်ဆောင်ရမယ့် ချောကလက်ကို စောစော ထပြီး ဖွင့်ကြတာပေါ့ကွယ်'လို့ ချာလီ့ကို ပြောလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ချာလီ သား မနက်ဖြန် ရမှာ မစ္စတာဝီလီဝန်ကာရဲ့ ချောကလက် တစ်တောင့် မဟုတ်လား မေမေ။

မစ္စက်ဘက်ကတ် ဟုတ်တာပေါ့ သားရဲ့။ အဲဒီ ချောကလက်ပါပဲကွယ်။

ချာလီ အို ... မေမေရယ်၊ အဲဒီချောကလက်မှာ ကံစမ်းမဲ ပါခဲ့ရင် ဘယ်လောက်တောင် ကံကောင်းလိုက်မလဲနော်။

ဘိုးဘိုးဂျိုး မနက်ဖြန် အဲဒီချောကလက်ကို တို့အခန်းထဲ ယူခဲ့ ငါ့ မြေးရေ ...။ တို့ အတူဖွင့်ကြတာပေါ့။

■

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ၇
# ချာလီရဲ့မွေးနေ့

'ပျော်ရွှင်ဖွယ်မွေးနေ့ ဖြစ်ပါစေကွယ်'

နောက်နေ့ မနက်မှာ ချာလီက အဘိုးကြီး၊ အဘွားကြီးတို့ အခန်းထဲကို ဝင်လာတော့ ဘိုးအေ၊ ဘွားအေ လေးယောက်စလုံးက သံပြိုင်အော်လိုက်တာ ဖြစ်ပါတယ်။

ချာလီက စိတ်ကယောင်ချောက်ချားနဲ့ ပြုံးပြလိုက်ပြီး ခုတင်စွန်းမှာ ဝင်ထိုင်လိုက်တယ်။ ချာလီရဲ့ လက်ထဲမှာတော့ သူ ရထားတဲ့ မွေးနေ့လက်ဆောင် ချောကလက်တောင့်။ တစ်ခုတည်းသော လက်ဆောင်ကလေး။ ချောကလက်တောင့်ကို သူ့လက်နှစ်ဖက်စလုံးနဲ့ ဆုပ်ကိုင်ထားတယ်။ 'အနှစ်အရသာ ပြည့်ဝသော ပျော်ရွှင်ဖွယ် ချောကလက်တောင့်' လို့ ချောကလက် အခွံပေါ်မှာ ရေးထားတယ်။

ခုတင် နှစ်ဖက်မှာ ထိုင်နေကြတဲ့ ဘိုးအေ၊ ဘွားအေတွေက ခေါင်းအုံးကို မှီထားရာကနေ ခါးမတ်လိုက်ကြပြီး ချာလီ လက်ထဲက ချောကလက်တောင့်ကို စိတ်လှုပ်ရှားနေတဲ့ မျက်လုံးတွေနဲ့ ဝိုင်းကြည့်ကြတယ်။ မစ္စတာဘာကက်ကတ်နဲ့ မစ္စက်ဘာကက်ကတ်တို့ကလည်း အခန်းထဲ ဝင်လာပြီး

mgyoe.com

mgyoe.com SAMPLE BOOK

ခုတင်ခြေရင်းမှာ မတ်တတ်ရပ်လို့ စောင့်ကြည့်နေကြတယ်။

အခန်းဟာ တိတ်ဆိတ်နေတယ်။ လူတိုင်းကလည်း ချာလီ ချော ကလက်ထုပ် ဖွင့်မယ့် အချိန်ကို စောင့်မျှော်နေကြတယ်။ ချာလီက ချော ကလက်တောင့်ကို ငုံ့ကြည့်တယ်။ ပြီးတော့ ချောကလက်တောင့်ကို သူ့ လက်နဲ့ တယုတယ ပွတ်သပ်တယ်။ ချောကလက်ကို အပေါ်က အုပ် ထားတဲ့ စက္ကူဟာ အရောင်တောက်ပြီး ခြိုးခြိုးချွတ်ချွတ် မြည်နေတယ်။

မစ္စက်ဘက်ကတ် သားလေး ချာလီရေ ...၊ တကယ်လို့ သားလက်ထဲက ချောကလက်ထုပ်ထဲမှာ ကံစမ်းမဲ မပါခဲ့ရင်လည်း သား စိတ်ထိခိုက်စရာ မလိုဘူးနော်။ သိပ်ပြီး မျှော်လင့်ချက် မထားနဲ့ပေါ့ကွယ်။

မစ္စတာဘက်ကတ် မင်းမေမေ ပြောတာ မှန်တယ် သား။

ဘွားဘွားဂျိုး အင်း ... နောက်ဆုံးတော့ ကျယ်ပြောလှတဲ့ ဟောဒီ ကမ္ဘာကြီးထဲမှာ ကံစမ်းမဲ သုံးခုသာ ကျန်တော့ပါလား။

ဘွားဘွားဂျော် ဒီမယ် ... ငါ့မြေး ချာလီ။ ကံစမ်းမဲ ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မြေးလေး သိရမှာက မြေးလေးမှာ စားဖို့ ချောကလက်တစ်တောင့် ရှိတယ် ဆိုတာပဲ။

ဘိုးဘိုးဂျော့ဂျ် မစ္စတာဝီလီဝန်ကာရဲ့ ချောကလက်တောင့်ဆိုတော့ နိုပ်သယော့။ ဒီချောကလက်က ချောကလက်လောကမှာ အကောင်းဆုံးပဲ။ ငါ့မြေး ကြိုက်မှာ သေချာတယ်။

ဘိုးဘိုးဂျိုး ကဲကဲ ... ငါ့မြေးရေ၊ ကံစမ်းမဲအကြောင်းကို မေ့ထား လိုက်။ ချောကလက်ကိုသာ အားရပါးရ စားပေတော့။

အဲဒီ ချောကလက်တောင့်ထဲမှာ ကံစမ်းမဲ ပါနိုင်ခြေ အလွန်နည်း တယ် ဆိုတာကို သူတို့အားလုံး သိပါတယ်။ ဒါကြောင့်လည်း ကံစမ်းမဲ ပါမလာရင် ချာလီလေး စိတ်မပျက်ရလေအောင် ကြိုတင်ပြီး ဖျောင်းဖျ နေကြတယ်။ ဒါပေမဲ့ သူတို့တစ်တွေ စိတ်လှုပ်ရှားနေကြတာလည်း အမှန်

mgyoe.com

mgyoe.com SAMPLE BOOK

ပဲ။ ချာလီရဲ့ အခွင့်အရေးက သေးငယ်လှပေမဲ့ အခွင့်အရေးတော့ ရှိနေတယ် မဟုတ်လား။

ဘိုးဘိုးဂျိုး ကဲ ... မြေးရေ၊ ချောကလက် ဖွင့်တော့ဟေ့။ မင်းကျောင်း နောက်ကျနေဦးမယ်။
ဘိုးဘိုးဂျော့ဂျ် ဟုတ်တယ်ဟေ့။ ဒီကိစ္စကို မြန်မြန် အပြီးသတ်မှ ဖြစ်မယ်။
ဘွားဘွားဂျော်ဂျီ ဟုတ်ပါတယ် မြေးရယ်။ မြန်မြန် ဖွင့်ကြည့်ပါတော့။ ဘွားဘွား စိတ်မရှည်ချင်တော့ဘူး။

ဒီအခါ ချာလီရဲ့လက်ချောင်းတွေက ချောကလက်အထုပ်ရဲ့ ထောင့်ကို စတင် ဆုတ်ဖြဲပါတော့တယ်။ ခုတင်ပေါ်က အဘိုး၊ အဘွားတို့ဟာ သူတို့ရဲ့ လည်ပင်းကြီးတွေကို ရှေ့ကိုင်းပြီး စောင့်ကြည့်နေကြတယ်။

အဲဒီအချိန် ချာလီက သည်းထိတ်ရင်ဖို့ ခံစားချက်ကို မထိန်းနိုင်တော့တဲ့အလား ချောကလက်အခွံကို ရုတ်တရက် 'ဗြဲ'ခနဲ ဆွဲဖြဲလိုက်တယ်။ မလိုင်အပြည့်နဲ့ ချောကလက်အညိုတောင့်က သူ့ပေါင်ပေါ်ကို ဘုတ်ခနဲ ပြုတ်ကျလာတယ်။ ရွှေရောင် ကံစမ်းမဲကိုတော့ အရိပ်အရောင်လေးတောင် မတွေ့ရပါ။



mgyoe.com

mgyoe.com SAMPLE BOOK

'ကဲ ... ဒါပဲ မဟုတ်လား။ တို့ မျှော်လင့်ထားသလိုပါပဲ'လို့ ဘိုးဘိုးဂျိုးက ခပ်မြုံးမြုံးလေး ပြောလိုက်တယ်။

ချာလီက သူ့အဘိုး၊ အဘွားတို့ရဲ့ မျက်နှာတွေကို မော့ကြည့်တယ်။ သက်ကြီးရွယ်အို မျက်နှာလေးခုဟာ ချာလီ့ကို ပြန်အကဲခတ်နေကြတယ်။ ချာလီက ပြုံးပြလိုက်တယ်။ မချိတင်ကဲ အပြုံးလေးပေါ့။ ပြီးတော့ ပခုံးကို ပင့်လိုက်ပြီး ပေါင်ပေါ်က ချောကလက်တောင့်ကို သူ့အမေဆီ လှမ်းပေးလိုက်တယ်။

'မေမေရေ ... နည်းနည်းစားပါလားဗျာ။ သားတို့အားလုံး နည်းနည်းစီ ဝေငှစားကြပါစို့'

'အို ... မဟုတ်တာပဲ သားရယ်'လို့ မစ္စက်ဘက်ကတ်က ပြန်ပြောတယ်။ ကျန်တဲ့လူ အားလုံးကလည်း ...

'မစားဘူးဟေ့၊ မစားဘူး။ ဒီချောကလက်က ငါ့မြေး စားဖို့ပဲ'

ဒီအခါ ချာလီက ခေါင်းကို ငုံ့ပြီး ဘိုးဘိုးဂျိုးကို တောင်းပန်လိုက်တယ်။

'ဘိုးဘိုးရယ် ... နည်းနည်းတော့ စားပါ'

ဒါပေမဲ့ ဘယ်သူကမှ ချောကလက်ကို မထိကြဘူး။ မစ္စက် ဘက်ကတ်က ချာလီရဲ့ ပိန်လှီလှီ ပခုံးလေးကို သိုင်းဖက်ပြီး 'သားရေ ... ကျောင်းသွားဖို့ အချိန်တန်ပြီကွယ့်။ ကဲ ... လာ၊ သွားကြရအောင်။ သားကျောင်းနောက်ကျနေဦးမယ်'လို့ ဆိုလိုက်ပါတော့တယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ၈

# နောက်ထပ် ကံစမ်းမဲတစ်ခု ထွက်ပေါ်လာခြင်း

အဲဒီညက မစ္စတာဘက်ကတ် ယူလာတဲ့ သတင်းစာထဲမှာ ရွှေရောင် ကံစမ်းမဲ နှစ်ခုကို ထပ်တွေ့ပြီ ဆိုတဲ့အကြောင်း ပါလာတယ်။ 'ရွှေရောင် ကံစမ်းမဲ နှစ်ခုကို ယနေ့ တွေ့ရှိ၊ ကံစမ်းမဲတစ်ခုသာ ကျန်ရှိ'လို့ သတင်းစာ ခေါင်းစီးမှာ ရေးထားတယ်။

ညစာစားပြီးတော့ ချာလီတို့မိသားစုဟာ အဘိုး၊ အဘွားတို့ အခန်းမှာ စုဝေးကြတယ်။

ဘိုးဘိုးဂျိုး		ကဲဟော့ ... ဒီလက်မှတ်နှစ်စောင်ကို ဘယ်သူတွေ ရသွားသတဲ့လဲ။

ဒီတော့ မစ္စတာဘက်ကတ်က သတင်းစာကို သူ့မျက်နှာနားတိုးကပ်လိုက် တယ်။ မစ္စတာဘက်ကတ်ရဲ့ မျက်စိတွေက အားနည်းနေကြပါပြီ။ ဒါပေမဲ့ သူ့ခမျာ မျက်မှန်လည်း မဝယ်နိုင်လေတော့ အခုလိုပဲ စာကို မျက်စိနားကပ် ပြီး ဖတ်ရတယ်။ မစ္စတာဘက်ကတ်က သတင်းစာကို အော်ဖတ်လိုက်တယ်။

တတိယမြောက် ကံစမ်းမဲပိုင်ရှင်ကတော့ ဗိုင်အိုလက်လို့ အမည်

mgyoe.com